# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး

## ပထမနေ့မှတ်တမ်း

### ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

### (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

### (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဌသည် ဥက္ကဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် ရက်စွဲပါကြေညာချက်အမှတ် (၂၇/၂၀၁၃) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦးအား အစားထိုးပြောင်းလဲထားရှိပါတယ်။ ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦး အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာကို ယူဆောင်ပြီး စင်မြင့်ရှေ့ သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လိုက်ပါကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ဒီလိုဆိုတဲ့အခါမှာ ကျွန်ုပ်လို့ လွှတ်တော်ဥက္ကဋ္ဌကဆိုတဲ့အခါမှာ တပ်မတော်သားကိုယ်စားလှယ်များက မိမိ၏ကိုယ်ပိုင်နံပါတ်၊ အမည်များကို ဆက်လက်ပြီး ဆိုသွားဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကတိသစ္စာပြုချက်

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၈ ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်တာဝန်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ယခု ကတိသစ္စာပြုပြီးသည့် ကိုယ်စားလှယ် ၈ ဦးဟာ မိမိအတွက် သတ်မှတ်ထားတဲ့နေရာသို့ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

များက ကတိသစ္စာပြုလွှာပေါ်တွင် မိမိ၏ အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုး၍ အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာများကို အပ်နှံရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၂.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၉၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၁ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၄ ရက်၊

(၂) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၄ ရက်၊

(၃) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၄ ရက်၊

(၅) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၄ ရက်၊

(၆) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၄ ရက်၊

(၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၉) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၄ ရက်၊

(၁၀) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၄ ရက်၊

(၁၁) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၂) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၃၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စား ဒုတိယဗိုလ်မှူးကြီးစောရွှေ ခွင့် ၁၈ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသိမ်းထွဋ် ခွင့် ၄ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၄ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၄ ရက်၊

(၁၇) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၁၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၄ ရက်၊

(၁၉) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၂၀) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် ခွင့် ၁၅ ရက်၊

(၂၁) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၄ ရက်၊

(၂၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၂၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၄) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၄ ရက်၊

(၂၅) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၂၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၂၇) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၂၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၂၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၃၀) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်နှင့်

(၃၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာ ပြည့်စုံကြပါစေ။ ကျန်းမာရွှင်လန်းစွာနှင့် စုံညီစွာ ပြန်လည်တွေ့ဆုံရလို့လည်း ဝမ်းမြောက်ဝမ်းသာရှိရပါတယ်။ တစ်လကြာ လွှတ်တော်ရပ်နားထားပေမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကတော့ ပြည်သူများထံသွားပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်၊

ပြည်သူ့အခက်အခဲများကို ကြားအောင်နားထောင်၊ မြင်အောင်ကြည့်နေကြရတာမို့ နားလိုက်ရ အားလိုက်ရမယ်မထင်ပါ။

တချို့ကိုယ်စားလှယ်များကလည်း ပြည်သူ့အကျိုးမှန်ကန်စွာ သယ်ပိုးနိုင်ဖို့ ပြည်တွင်း ပြည်ပ လေ့လာရေးခရီးများ၊ တွေ့ဆုံဆွေးနွေးမှုများပါ ဆောင်ရွက်နိုင်ခဲ့တာတွေရှိပါတယ်။ ဒီလွှတ်တော် အတွင်းမှာတော့ Strengthening Voices for Democracy ဒီမိုကရေစီအသံများ အင်အားမြှင့် လို့ထားဆိုတဲ့ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်ကိုလည်း လွှတ်တော်အတွင်း မှာမြှင့်တင်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

စိတ်ကောင်းစေတနာကောင်းများဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို မေးခွန်းများ၊ အဆိုများ နှင့် ဥပဒေပြုခြင်းများအပြင် ဥပဒေနှင့်အညီ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ လိုက်နာဆောင်ရွက် ကြရသူများက လိုက်နာဆောင်ရွက်ခြင်းတို့နှင့် ထိန်းညှိကူညီခြင်းများကို ပွင့်လင်းမြင်သာစွာ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်နိုင်ကြပါစေလို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဖွင့်အစတွင် ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တမပုံမှန် အစည်းအဝေးနှင့် အဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါခရီးစဉ်များကိုသွားရောက်ခဲ့ပါတယ်-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၏ ၁၇-၉-၂၀၁၃ ရက်မှ ၂၂-၉-၂၀၁၃ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံသို့ AIPA အစည်း အဝေးတက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၏ ၂၂-၉-၂၀၁၃ ရက်မှ ၂၅-၉-၂၀၁၃ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၆-၉-၂၀၁၃ ရက်မှ ၂၈-၉-၂၀၁၃ ရက်နေ့အထိ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏၂၀-၉-၂၀၁၃ မှ ၂၂-၉-၂၀၁၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ကျင်းပသည့် နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် တရုတ်-တောင်အာရှဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေး ဖိုရမ်သို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈-၉-၂၀၁၃ မှ ၁၄-၉-၂၀၁၃ ရက်နေ့အထိ ဟန်ဂေရီနိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၉-၉-၂၀၁၃ မှ ၁၂-၉-၂၀၁၃ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံသို့ ပါလီမန် ဘတ်ဂျက်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၃-၉-၂၀၁၃ မှ ၂၇-၉-၂၀၁၃ ရက်နေ့အထိ ဥရောပပါလီမန်သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကိုလည်း မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးကြည်ထွန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ

လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းတာဝန်ပေးအပ်ကြောင်း အသိပေးပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တပ်မတော်အင်အား တောင့်တင်းခိုင်မာရေးနှင့် ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်ဟာအင်အားရှိဖို့လိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ မည်သို့သောပြုပြင်ပြောင်းလဲမှုပြုလုပ်စေကာမူ တရားဥပဒေစိုးမိုးမှု အပြည့်အဝမရှိခဲ့ရင် ပြုပြင်ပြောင်းလဲမှုများအောင်မြင်ရှင်သန်ဖို့ ကန့်သတ်ချက်တွေ၊ အတားအဆီးတွေ၊ စိန်ခေါ်မှုတွေ ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အခက်အခဲ၊ အတားအဆီးတွေကြုံတွေ့လေတိုင်း တပ်မတော်ကပင် အကူအညီပေးခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ဘယ်ပုဂ္ဂိုလ်၊ ဘယ်နိုင်ငံရေးပါတီ၊ ဘယ်အဖွဲ့အစည်းမှ သမိုင်းတစ်လျှောက်ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကြုံတိုင်းကြုံတိုင်း တပ်မတော်ကသာလျှင် မိဘလုပ်သားပြည်သူများရဲ့ ပြည်သူလူထုရဲ့ အကူအညီရယူပြီးတော့ ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုကို ထိပါးမှုများလာရင် ယနေ့ဒီမိုကရေစီနိုင်ငံထူထောင်မှုကို ထိခိုက်လာနိုင်တဲ့အပြင် ပိုဆိုးလာရင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတောင် ထိပါးလာနိုင်ကြောင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ တပ်မတော်သားများဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် အချိန်ပြည့်

ပင်ပန်းဆင်းရဲစွာ တာဝန်ထမ်းဆောင်ရခြင်း၊ အသက်ခန္ဓာစွန့်လွှတ်ရခြင်းတို့ကြောင့် စွန့်လွှတ်စွန့်စား လိုစိတ်ရှိတဲ့လူတွေ နည်းပါးလာတဲ့အချိန်၊ မျိုးချစ်စိတ်ဓာတ်ရှိတဲ့လူတွေ နည်းပါးလာတဲ့အချိန်မျိုးနဲ့ ကြုံတွေ့ရင် တပ်မတော်ဟာ အင်အားနည်းပါးလာမှာ ဖြစ်ပါတယ်။ ဒီ့အပြင် လူနည်းစုဖြစ်တဲ့ တပ်မတော်သားအချို့ရဲ့လုပ်ဆောင်မှုကို ထောက်ပြပြီးတော့ တပ်မတော်တစ်ရပ်လုံးကို သိမ်းကြုံး ခံစားစေတာလည်း မဖြစ်သင့်ပါဘူး။ တကယ်တော့ တပ်မတော်ဟာ ပြည်သူ့အတွက် ပြည်သူအတွင်း ကနေပေါက်ဖွားလာပြီးတော့ ယနေ့အချိန်အထိ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်မှ နိုင်ငံတော် ရဲ့အချုပ်အခြာအာဏာအထိ ပါဝင်နေသူတွေဖြစ်ပါတယ်။ နယ်စွန်နယ်ဖျားတပ်စခန်းတွေမှာ စွန့်လွှတ် စွန့်စားမှုများစွာနဲ့ အိုးပစ်အိမ်ပစ်၊ မိသားစုပစ်ပြီးတော့ အသက်ခန္ဓာပေးဆပ်လို့ တာဝန်ထမ်းဆောင်နေ သူတွေဖြစ်ပါတယ်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင်လည်း ဘယ်နိုင်ငံရေးပါတီ၊ ဘယ်နိုင်ငံရေးစနစ်ပဲကျင့်သုံးကျင့်သုံး သူတို့ဆီမှာရှိတဲ့ တပ်မတော်ကိုတော့ ခေတ်အမီဆုံး၊ အင်အား အတောင့်တင်းဆုံး၊ စွမ်းရည်အထက်မြက်ဆုံးဖြစ်အောင် ကြိုးပမ်းနေကြတာကိုလည်း တွေ့ရမှာဖြစ် ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ရဲ့တပ်မတော်ကို အင်အားတောင့်တင်းအောင်၊ ခေတ်မီအောင်၊ စွမ်းရည်ထက်မြက်အောင်၊ ပြည်သူချစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့လိုမှာဖြစ် ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ စည်းကမ်းပြည့်ဝ၍ အင်အားတောင့်တင်းပြီး၊ စွမ်းရည် ထက်မြက်ပြီး ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေးမှာ နိုင်ငံတစ်ခု အတွက် ခြွင်းချက်မရှိလိုအပ်ချက်ဖြစ်ရာ တပ်မတော်အင်အားတောင့်တင်းခိုင်မာရေး မည်သို့ဆောင် ရွက်ထားပါသနည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ မှာပါတဲ့အတိုင်းပဲ စီမံဆောင်ရွက်မှုရှိပါ သလား။ အနာဂတ်မှာ ခေတ်မီတပ်မတော်ဖြစ်ဖို့အတွက် မည်သို့စီမံထားပါသလဲ။ တပ်မတော်ရဲ့ ရည်မှန်းချက်တာဝန်တွေ ပြည့်ဝအောင် အောင်မြင်စေဖို့အတွက် မိဘလုပ်သားပြည်သူများထံက မည်သည့်အကူအညီတွေရဖို့လိုအပ်နေပါသလဲဆိုတဲ့ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ယနေ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းလေးတွေက တော်တော်လေးပဲ ကျွန်တော်တို့တပ်မတော်အတွက် အမိက ထားပြီးတော့ စေတနာရှိစွာ မေးခဲ့တဲ့မေးခွန်းလေးတွေပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ တပ်မတော်အင်အား တောင့်တင်းခိုင်မာရေးအတွက်လည်း ကျွန်တော်တို့ဘယ်လိုဆောင်ရွက်နေပါ သလဲ။ ကျွန်တော်တို့အနာဂတ်မှာ ခေတ်မီတပ်မတော်ဖြစ်ရေးအတွက် ဘယ်လိုများ စီမံဆောင်ရွက် ထားသလဲ။ နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ရည်မှန်းချက်ပြည့်ဝအောင် မိဘလုပ်သားပြည်သူ များထံမှ ဘယ်လိုအကူအညီများ ရယူဆောင်ရွက်သွားဖို့ ရှိသလဲဆိုတာနဲ့ပတ်သက်လို့ ကျွန်တော် ဖြေကြားသွားမှာပဲဖြစ်ပါတယ်။

တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာစေရေးအတွက် ကျွန်တော်တို့ အခြားအဆင့် စစ်သားစစ်သည်များကို စစ်သားစုဆောင်းရေးစီမံချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်သား အသက် (၁၈) နှစ်မှ (၂၅) နှစ်အကြား ကျန်းမာရေးကောင်းမွန်သူများကို ၎င်းတို့၏ ဆန္ဒနှင့်အညီ စစ်မှုထမ်းဆောင်နိုင်ရန်အတွက် ကျွန်တော်တို့ စုဆောင်းလျက်ရှိပါတယ်။ နောက်တစ်ပိုင်းကတော့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှာ ပြန်တမ်းဝင်အရာရှိများ ခန့်အပ်ရေးအတွက်လည်း ဆောင်ရွက် တဲ့အခါမှာ စစ်ရာထူးခန့်ချုပ်ရုံး၏ မူဝါဒနှင့်အညီလည်း ကျွန်တော်တို့ စီမံဆောင်ရွက်လျက်ရှိပါ ကြောင်းတင်ပြအပ်ပါတယ်။ နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၆ ပါပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဖြစ်တဲ့အခါမှာ နိုင်ငံ သားတိုင်းကတော့ ကျွန်တော်တို့ ကျား/မ မခွဲခြားဘဲ မိမိသဘောဆန္ဒအရ တပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းဆောင်နိုင်ပြီး လိုအပ်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၀ အရ ပြည်သူ့စစ်မဟာဗျူဟာကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအခြေအနေမှာတော့ ဒါကို ကျင့်သုံးရန်မလိုအပ်သေးသဖြင့် ကိုယ်တိုင်ခံယူချက်၊ ယုံကြည်ချက်၊ ဝါသနာပါပြီးတော့ အတတ်ပညာ၊ အသိပညာအထိုက်အလျောက်ရှိတဲ့သူတွေ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊ အသက် (၁၈) နှစ် ပြည့်ပြီး (၂၅) နှစ်ထက်မကြီးခြင်း၊ မျက်မြင်(၁၃) ချက်နှင့်ပြည့်စုံပြီး ဆေးအဆင့် (က) ရှိတဲ့ ကိုယ်တိုင် ဆန္ဒပြုသူများကိုသာ စစ်မှုထမ်းဥပဒေနှင့်အညီ တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းဆောင်စေရန် အတွက် ကျွန်တော်တို့ လက်ခံဆောင်ရွက်လျက်ရှိပါတယ်။

အနာဂတ်မှာ ကျွန်တော်တို့ ခေတ်မီတပ်မတော်ဖြစ်ရေးအတွက် တပ်မတော်ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန်လည်း လိုအပ်ပါတယ်။ တပ်မတော်အင်အားတောင့်တင်းခိုင်မာရေး အရေးကြီးသလိုပဲ စွမ်းရည်ထက်မြက်သောစစ်သည်တော်များဖြစ်လာစေရန် ပြုစုပျိုးထောင်လေ့ကျင့်လျက်လည်းရှိပါတယ်။ ဒီ့အပြင် တပ်မတော်သားများ စစ်ရေးစွမ်းရည်သာမက သက်ဆိုင်ရာနည်းပညာရပ်များမှာ ထူးချွန်ထက်မြက်စေရေးအတွက် ပြည်တွင်းသင်တန်းများသာမကဘဲနဲ့ ပြည်ပသင်တန်းများမှာလည်း နှစ်ရှည်လများ စေလွှတ်သင်ကြားပေးလျက်ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်ပြီးခဲ့တဲ့ ပထမပုံမှန်အစည်းအဝေးတုန်းကလည်း အသေးစိတ်တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ခေတ်မီစစ်လက်နက်ပစ္စည်းများ တီထွင်ထုတ်လုပ်ခြင်း၊ ဝယ်ယူတပ်ဆင်ခြင်းများ ခေတ်မီတပ်မတော်တစ်ရပ် ဖြစ်စေရန်အတွက်လည်းတည်ဆောက်လျက်ရှိပါတယ်။ တပ်မတော်စွမ်းရည် မြင့်မားစေရန်အတွက် ကြည်းတပ်တစ်ခုတည်းကိုပဲ ကျွန်တော်တို့ ဦးတည်ဆောင်ရွက်နေတာမဟုတ်ဘဲနဲ့ တပ်မတော် (ရေ) နဲ့ တပ်မတော်(လေ) အတွက်ပါ တစ်ပြေးညီတိုးတက်စေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အစိုးရဟာ နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ အတည်ပြုပေးလျက်ရှိပါတယ်။ ခေတ်မီ၍အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်တည်ဆောက်ရန် စစ်ဘက်ဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဘဏ္ဍာငွေကြေးလုံလောက်စွာ သုံးစွဲနိုင်ခြင်းဟာလည်း အဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိပါတယ်။ ဒီလိုရေးဆွဲနိုင်လို့လဲ ၆-၉-၂၀၁၃ ရက်နေ့မှာ ပြုလုပ်တဲ့ ဘဏ္ဍာငွေခွဲဝေရေးဆိုင်ရာ အစည်းအဝေးမှာ နိုင်ငံတော်ဆိုင်ရာစီးပွားရေး အကြံပေး Dr.ဇော်ဦးအနေနဲ့ ပြောသလိုပါပဲ ဘတ်ဂျက်နှင့်ပတ်သက်၍ Policy ပေါ် အခြေခံတဲ့ ဘတ်ဂျက်၊ စွမ်းဆောင်ရည်ပေါ် အခြေခံတဲ့ဘတ်ဂျက်ဖြစ်ရန်နှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအားကောင်းရန်ဆိုတဲ့ အချက်အလက်တွေ၊ အကြံပြုချက်များကိုလည်း ယူထားသလိုပဲ ၂၆-၉-၂၀၁၃ ရက်နေ့မှာ ပြုလုပ်တဲ့ ဘဏ္ဍာငွေခွဲဝေရေးဆိုင်ရာ အစည်းအဝေးမှာ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း ပြောသွားသလိုပဲ ဘတ်ဂျက်စဥ်းစားတဲ့အခါ Economic Concept, Political Concept ပေါင်းစပ်ပေးပြီးမှ ဆောင်ရွက်သင့်တယ်ဆိုတဲ့အတိုင်းပဲ တပ်မတော်ဘတ်ဂျက်ကိုရေးဆွဲတဲ့အခါမှာလည်း ဒီ

Concept တွေမလွတ်အောင် တပ်မတော်ပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေကလည်း ရေတို၊ ရေရှည် စီမံကိန်းများချမှတ်ပြီး စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကာကွယ်ရေးအသုံးစရိတ်ကို အသုံးပြု၍ ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ စစ်သည်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေး၊ လေ့ကျင့်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ သက်သာချောင်ချိရေးစသည့် ပုံမှန်အသုံးစရိတ်များကို ထိုက်တန်သော လူနေမှုအဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိစေရန်အတွက် စီမံဆောင်ရွက်ပေးသည်များရှိသလို တိုက်စွမ်းရည်မြင့်မားစေရေးအတွက် ခေတ်မီစစ်လက်နက် ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းကိုလည်း ခေတ်ကာလနှင့်အညီ လိုအပ်သည်များ စီမံဆောင်ရွက်ပေး လျက်ရှိပါကြောင်းနဲ့ ယနေ့ ဒီမေးခွန်းများကိုမေးမြန်းတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးအား ကျေးဇူးတင်ကြောင်းပြောရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုးကုတ်မြို့ Ruby Land of Myanmar သို့ Tourism Promotion Area တစ်ခုအနေဖြင့်သတ်မှတ်ပြီး သွားရောက်ခွင့်ပြုရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်ကြပါသော ဧည့်သည်တော်ကြီးများအား လေးစားစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့်မေးမြန်းချင်တဲ့ မေးခွန်းလေးကတော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး မှာရှိတဲ့ မိုးကုတ်မြို့လေးဟာ နိုင်ငံခြားသားများ၊ နိုင်ငံခြားသံတမန်များကို ဆယ်စုနှစ်ပေါင်းများစွာ ခေတ်အဆက်ဆက်သွားလာခွင့်မပြုဘဲ ပိတ်ပင်ထားခဲ့တဲ့ကိစ္စမှာ ယနေ့ခေတ်ကာလမှာ လွတ်လပ်စွာ သွားလာလည်ပတ်ခွင့်ပြုဖို့ အစီအစဉ်ရှိ/မရှိလေး ပထမမေးတာပါ။ ဒုတိယကတော့ အဲ့လိုခွင့်ပြုမယ် ဆိုလို့ရှိရင်တော့ ယခုဒေသမှာလိုအပ်နေတဲ့ လမ်းတံတားတွေကောင်းဖို့၊ လျှပ်စစ်မီးမလုံလောက်မှု ဟိုတယ်တွေမရှိသေးတဲ့အတွက်ကြောင့် အဲ့ဒီစီမံကိန်းတွေကိုလုပ်တဲ့အခါကျရင် ဒေသခံလူမျိုးများကို ဦးစားပေးပြီးတော့ လုပ်ခွင့်ပြုဖို့အတွက် ဒါကျွန်တော်တင်ပြချင်တဲ့ ကိစ္စဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အကျဉ်းချုပ်လေးရှင်းပြပါရစေခင်ဗျား။ မိုးကုတ်မြို့ဟာ အဖိုးတန်ရတနာထွက်တဲ့ Ruby Land of Myanmar ဆိုပြီးတစ်ကမ္ဘာလုံးကသိပါတယ်။ အဲ့ဒီအတွက်ကြောင့် နိုင်ငံခြားသား များဟာ မိုးကုတ်မြို့ကို သွားရောက်လည်ပတ်ကြည့်ရှုချင်ကြပါတယ်။ သို့သော် ခွင့်ပြုချက်မရပါဘူး။

တချို့ကတော့ အထူးအထူးခွင့်ပြုချက်နဲ့တော့ သွားလာခွင့်ရတာတွေ့ရပါတယ်။ သို့သော်လည်း လွတ်လပ်စွာတော့မဟုတ်ပါဘူး။ အဲ့လို သွားလာခွင့်မပြုတာကြာတဲ့အခါကြတော့ ယခုဆိုရင် မိုးကုတ်မြို့လေးဟာ ကျောက်ကောင်းကျောက်များလည်း မထွက်တော့ပါဘူး။ တော်တော်ကြာပါပြီ။ ကုန်နေပါပြီ။ ကျောက်လေးသေးသေးမွှားမွှားလေးလောက်ပဲ ထွက်ပါတော့တယ်။ နောက်ထာပွဲလေးတွေဆိုတာလည်း ခြောက်တီးခြောက်ချက်နဲ့ ဒေသခံများဟာ စားဝတ်နေရေးအတွက် ကြိုးစားပြီး လုပ်ကိုင်နေရပါတယ်။ မိုးကုတ်မှာရှိတဲ့ လူဦးရေ ၁၇၀၀၀၀ လောက်မှာ အခုဆိုရင် တစ်ဝက်လောက်ဟာ လုပ်စရာလုပ်ငန်းတွေ မရှိတဲ့အတွက်ကြောင့် တစ်ခြားမြို့နယ်တွေမှာ သွားပြီးတော့ လုပ်ကိုင်ရှာဖွေစားသောက်နေရပါတယ်။ အဲ့တော့ ကျောက်တွေလည်းမထွက်တော့ဘူး၊ လုပ်စရာလည်းမရှိတော့ဘူးဆိုတော့ ဒီမြို့နယ်လေးဟာ ပိတ်ပင်ထားခြင်းခံရတဲ့ Forbidden City လေးလို ဖြစ်နေပါတယ်။ အဲ့တော့ ဒါလေးကိုခွင့်ပြုပေးဖို့နဲ့ နိုင်ငံခြားသားများ သွားလာလည်ပတ်တဲ့အခါမှာလည်း Souvenir အနေနဲ့ သူတို့ ကျောက်မျက်ပန်းချီလေးတွေ၊ ကျောက်အသေးအမွှားလေးတွေ တရားဝင်အခွန်ဆောင်ပြီး ဝယ်ယူခွင့်ပေးဖို့လည်း စီစဉ်ပေးပါလို့ ကျွန်တော်တင်ပြလိုပါတယ်ခင်ဗျ။ မိုးကုတ်မြို့ဟာ ဒေသခံတွေဟာဆိုရင် အလွန်ရိုးသားကြပါတယ်။ ဘာသာတရားကိုလည်း အလွန်ကိုင်းရှိုင်းကြပါတယ်။ စာချုပ်စာတမ်းမလိုဘဲနဲ့ နှုတ်ကတိတစ်ခုကိုပေးပြီး ဘယ်တော့မှမပျက်တဲ့ လူမျိုးဆိုတာကို ကျွန်တော်အဲ့ဒီနယ်မှာ ၁၂ နှစ်ကျော်အလုပ်လုပ်ခဲ့လို့ ကျွန်တော်သိခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြချင်တာကတော့ မိုးကုတ်မြို့နယ်မှာ ကျောက်မျက်တူးဖော်ခွင့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးတဲ့အခါမှာ ဒေသခံတွေမရတာများပြီးတော့ တခြား တိုင်း/ဒေသကြီးများ၊ တခြားနိုင်ငံသားတွေကနေလာပြီးတော့ အင်တိုက်အားတိုက်လုပ်ကြတဲ့အခါမှာ စက်ယန္တရားကြီးတွေ သုံးကြတယ်၊ တူးဖော်ကြတယ်၊ ယမ်းတွေခွဲကြတယ်။ တော်တော်လေးပျက်စီးခဲ့ပြီးတော့ ဂေဟာစနစ်တွေ လည်းပျက်စီးပြီးတော့ ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းတွေမရှိပါဘူး။ ဒါကို တကယ်လို့များ ဒေသခံများသာလုပ်ခွင့်ရမယ်ဆိုရင် ဒေသခံတွေဟာ သူတို့ဒေသကိုချစ်တဲ့စိတ်နဲ့ စနစ်တကျတူးဖော်ကြပါတယ်။ မြေတွေမပြိုအောင် တိုင်တွေနဲ့ထောက်ပါတယ်။ ကာပါတယ်။ ခဲတွေနဲ့ဖို့ပြီးတော့ စနစ်တကျလုပ်ကြပါတယ်။ ဒါ့ကြောင့်မို့လို့ နောက်နောင်မှာ လုပ်စရာနည်းနည်းပါးပါးလေးပဲ ကျန်တော့တဲ့ ကျောက်မျက်များကို ဒေသခံများကိုသာ ဦးစားပေးပြီးတော့ လုပ်ကိုင်ခွင့်ပြုဖို့ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများကို အလေးအနက်ထားပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြစ်တဲ့အတွက် မေးခွန်းပုံစံနဲ့ ညီအောင်ပဲမေးဖို့ ကျန်လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကြိုတင်အသိပေးပြောကြားလိုပါတယ်။ အခုရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးမေးမြန်းတဲ့မေးခွန်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုင်းကျော်အုန်း(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးမေးမြန်းတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်များ အလွန်စိတ်ဝင်စားစွာ လည်ပတ်သွားရောက် ကြည့်ရှုလိုသော မန္တလေးတိုင်းဒေသကြီးရှိ မိုးကုတ်မြို့ Ruby Land of Myanmar သို့ Tourism Promotion Area တစ်ခုအဖြစ် သတ်မှတ်ပြီးတော့ သွားရောက်လည်ပတ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

မိုးကုတ်မြို့ဟာ အရင်ကတော့ နိုင်ငံခြားသားများ သွားရောက်လည်ပတ်ခွင့် မရတဲ့ဒေသ Restricted Area ဖြစ်ပါတယ်။ အခုအခါကျတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး တရားဥပဒေစိုးမိုးရေး နယ်မြေအေးချမ်းတိုးတက်လာတဲ့အတွက်ကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပြည်တွင်းသွားလာရန် နယ်မြေဒေသ သတ်မှတ်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနက ၁၅-၁-၂၀၁၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃) ဖြင့် အသစ်ပြန်လည်သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာမှာ မိုးကုတ်မြို့နယ်ကို ခွင့်ပြုချက်ဖြင့် သွားရောက်လည်ပတ်နိုင်တဲ့ နယ်မြေအဖြစ်ထည့်သွင်းသတ်မှတ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးလှည့်လည်ပြသရေးကုမ္ပဏီများမှ မိုးကုတ်မြို့သို့ သွားရောက်လည်ပတ်ခွင့်ပြုရန်တင်ပြလာတဲ့ ခရီးစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ခွင့်ပြုချက်တောင်းခံတင်ပြခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီလမှစပြီးတော့ စတင်ခွင့်ပြုပေးခဲ့ပါတယ်။

၂၀၁၃ ခုနှစ် ဧပြီလမှစပြီးတော့ ဒီနေ့ထိ နိုင်ငံခြားခရီးသည်များ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ခရီးစဉ် ၅၂ ခု ဖြင့် နိုင်ငံခြားသား ၂၂၀ ယောက်အား မိုးကုတ်မြို့ကို သွားရောက်လည်ပတ်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ဂျပန်၊ ထိုင်း၊ ပြင်သစ်၊ ကိုရီးယား၊ ကနေဒါ၊ ဂျာမန် ၊ ဆွစ်ဇာလန် လူမျိုးများ သွားရောက်လည်ပတ်ခဲ့တာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားခရီးသွားများ မိုးကုတ်မြို့သို့ လာရောက်လည်ပတ်နိုင်ပြီဖြစ်တဲ့အားလျော်စွာ နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ ရိုးရာကျောက်တူးဖော်မှု ပြကွင်း ပြကွက်များ ပြသနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများ ပြသနိုင်ရေး၊ ရိုးရာကျောက်မျက်ရောင်းဝယ်မှုများ ပြသနိုင်ရေး၊ ကျောက်မျက်ဝယ်လိုသူများအား စနစ်တကျ ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ လုံခြုံရေးကိစ္စများ အထူးဂရုပြု ဆောင်ရွက်နိုင်ရန် အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်ကိုယ်တိုင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၃ ရက် နေ့မှာလည်းကောင်း၊ ဒုတိယဝန်ကြီးဖြစ်တဲ့ ကျွန်တော်မှ စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း မိုးကုတ်မြို့သို့ သွားရောက်ပြီးတော့ ဌာနဆိုင်ရာ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဟိုတယ်ဝန်ထမ်းများ ဝန်ဆောင်မှုကောင်းမွန်ရေးအတွက် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ် (၅/၂၀၁၃) ကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယဝန်ကြီးဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီးတော့ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းများအား အောင်လက်မှတ်နဲ့အတူ ဧည့်လမ်းညွှန်လိုက်ပါခွင့်လိုင်စင်များ လုပ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးကုတ်မြို့သို့ နိုင်ငံခြားခရီးသွားများ ဝင်ရောက်လည်ပတ်လာသည့် အားလျော်စွာ လိုအပ်သည့် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့၊ မြို့မိမြို့ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ယင်းကော်မတီနှင့် မိမိအစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုအဖွဲ့အစည်းအား အကျိုးပြုသောလုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ ဒေသနှင့်စပ်လျဉ်းတဲ့ မြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးရဲ့ မေးမြန်းမှုကို လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဟုမ္မလင်းမြို့နယ်တွင် တယ်လီဖုန်းအားလုံး ဆက်သွယ်ပြောဆိုမှုအဆင်ပြေစေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးကိုယ်စား ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင် (ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၏မေးခွန်းကို ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်လှိုင်က ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ပေါ်ရပ်ကွက်မှာ သုံးစွဲလာတဲ့ ၂၀၁၂ ခုနှစ် ဩဂုတ်လပိုင်းက GSM တာဝါတိုင်(၂)တိုင်စိုက်ထူပေးပြီးတော့ ကုမ္ပဏီသုံးခုမှ GSMဖုန်းအလုံးရေ ၃၀၀၀ နီးပါးခန့်ကို တစ်လုံးလျှင် ၂၀၀၀၀၀ကျပ်နှုန်းဖြင့်ရောင်းချပေးခဲ့ပါတယ်။ စတင်ဖွင့်လှစ်ခါစ တစ်လခန့်ပြောဆိုကောင်းမွန်သော်လည်း ယခုအခါလုံးဝပြောဆိုဆက်သွယ်လို့မရတော့ပါ။ တာဝါတိုင်တစ်ခုလျှင် အဝင် ၁၅ ပေါက်၊ အထွက် ၁၅ ပေါက် နှစ်တိုင်အတွက် အဝင် ၃၀ နှင့်အထွက် ၃၀ သာရှိသဖြင့် ဖုန်းအလုံးရေ ၃၀၀၀ အတွက် ဆက်သွယ်သုံးစွဲရန် လုံးဝအဆင်မပြေတော့ပါ။ ညနေပိုင်းတွင် အင်တာနက်သုံးစွဲသူ ၁၀၀၀ ခန့်မှာလည်း စိတ်ရှည်စွာသည်းခံသုံးစွဲနေရကြောင်း သိရပါတယ်။ ယခုမကြာမီကာလအတွင်းမှာ ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းဖုန်းအလုံးရေ ၂၀၀ ကို ဟုမ္မလင်းမြို့နယ်အတွက် ခွဲတန်းချပေးမယ်လို့သိရှိရပါတယ်။ တစ်လုံး ၂၀၀၀၀၀ နှုန်းနှင့် ဝယ်ယူသုံးစွဲသူ ၃၀၀၀ ခန့်နှင့် နောက်ထပ်ချပေးမယ့် ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းဖုန်း ၂၀၀ ကိုပါ ဆက်သွယ်ပြောဆိုမရမှာကို စိုးရိမ်၍ တယ်လီဖုန်းများအားလုံးဆက်သွယ်ပြောဆိုမှုအဆင်ပြေစေရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

[ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်ကိုယ်စား ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ကွန်ဟိန်းမြို့နယ်နှင့် ကာလိမြို့နယ်ခွဲအတွင်း ဖုန်းလိုင်းများမမိခြင်း၊ ပြတ်တောက်ခြင်း၊ အသံကြည်လင်မှုမရှိခြင်း၊ အလှည့်ကျပေးခြင်းတို့ကို မည်သို့ဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်နဲ့ ကာလိမြို့နယ်ခွဲတွင် ဖုန်းလိုင်းများအစဉ်ပြတ်တောက်နေလေ့ရှိပါတယ်။ မိုးရွာလျှင်သော်လည်းကောင်း၊ မိုးမရွာလျှင်သော်လည်းကောင်း ဖုန်းလိုင်းများပိတ်ထားတက်ပြီးတော့ တစ်ခါတစ်ရံ လူကြီးခရီးစဉ်များတွင်လည်း ကြိုးဖုန်းများအပါအဝင် ဖုန်းလိုင်းများအာလုံးကိုပိတ်ထားပါတယ်။ ကွန်ဟိန်းမြို့နယ်တွင် CDMA, GSM လိုင်းများလည်း အစဉ်ပြတ်တောက်နေပြီး အသံကြည်လင်မှုမရှိပါ။ ယခင်က ကာလိမြို့နယ်ခွဲမှာ ကွန်ဟိန်းမြို့နယ်ထက်ပို၍ အခြေအနေဆိုးရွားပါတယ်။ မနက်ပိုင်းမှ နေ့လယ်ပိုင်းအထိ GSM လိုင်းများဖွင့်လေ့ရှိပြီး နေ့လယ်ပိုင်းမှ ညနေအထိ CDMA လိုင်းများဖွင့်လေ့ရှိပါတယ်။ နေ့စဉ် အလှည့်ကျလိုဖြစ်နေ၍ ပြည်သူများဖုန်း ၂ လုံးကိုင်ဆောင်ရလေ့ရှိတဲ့အပြင် တစ်ခါတစ်ရံ မည်သည့်လိုင်းများမရ၍ ကာလိမြို့ပြင်အထွက်တောင်ဘက်နှင့်မြောက်ဘက် မိုင်းပြင်းခရိုင်အတွင်းရှိ လွိုင်ဖာရေးဇရိယာတိုင် လိုင်းမိတဲ့နေရာအထိ သွား၍ဆက်ရပါတယ်။ ယခုအခေါက် မဲဆန္ဒနယ်သို့ပြန်ရောက်ချိန်မှာ ကွန်ဟိန်းမြို့နယ်မှာ ကာလိမြို့နယ်ခွဲအထွက် ဖုန်းလိုင်းပြတ်တောက်မှု ပိုပြီးဆိုးရွားသွားပါတယ်။ GSM ကို မနက်ပိုင်းတွင် ပိတ်လေ့ရှိပြီး နေ့လယ်ပိုင်းမှဖွင့်ပါတယ်။ Solar စနစ်နှင့် ဝန်ထမ်းအင်အားမလုံလောက်သောကြောင့်လို့သိရှိရပါတယ်။ ကြိုးဖုန်းအများအပြားကြာရှည်စွာပျက်နေပြီး တာဝန်ရှိပုဂ္ဂိုလ်များမှ အချိန်မီလိုက်လံပြုပြင်ပေးမှုအားနည်းနေကြောင်း သိရှိရပါတယ်။ မိုင်းပြင်းခရိုင်အတွင်းရှိ လွိုင်ဖာရေးလိုင်းမှ အစဉ်အမြဲလိုင်းမိပြီး ဖုန်းများလွယ်ကူစွာ ဆက်၍ရနေခြင်း မြို့တွင်းဖြစ်တဲ့ ကွန်ဟိန်းမြို့နယ်နှင့် ကာလိမြို့နယ်ခွဲအတွင်းတွင် ဖုန်းလိုင်းများမမိခြင်း၊ ပြတ်တောက်ခြင်း၊ အသံကြည်လင်မှုမရှိခြင်း၊ အလှည့်ကျပေးခြင်း စသည်တို့ကို ပြည်သူများက လုံးဝနားလည်သဘောပေါက်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (က) မိုးရွာလျှင်သော်လည်းကောင်း၊ မိုးမရွာခင်တွင်သော်လည်းကောင်း ဖုန်းလိုင်းပိတ်ထားတတ်သည်မှာ အဘယ်ကြောင့်နည်း။ (ခ) လူကြီးခရီးစဉ်များတွင် ဖုန်းများအပါအဝင် ဖုန်းလိုင်းများအားလုံးပိတ်ထားတတ်သည်မှာ အဘယ်ကြောင့်နည်း။ (ဂ) ကွန်ဟိန်းမြို့နယ်တွင် CDMA, GSM လိုင်းများလည်း အစဉ်ပြတ်တောက်နေပြီး ကြည်လင်မှုမရှိသည်မှာ အဘယ်ကြောင့်နည်း။ အလှည့်ကျပေးနေသည်မှာ အဘယ်ကြောင့်နည်း။ (ဃ) ကာလိမြို့နယ်ခွဲအတွင်းတွင် ဖုန်းလိုင်းများမမိခြင်း၊ ပြတ်တောက်ခြင်း၊ အသံကြည်လင်မှုမရှိခြင်း၊ အလှည့်ကျပေးခြင်း စသည်တို့မှာ အဘယ်ကြောင့်နည်း။ (င) ကွန်ဟိန်းမြို့နယ်တွင် ကြိုးဖုန်းများ ကြာရှည်စွာပျက်စီးနေမှုကို မည်သို့ကုစားပေးမည်နည်း။ (စ) ကွန်ဟိန်းမြို့

နယ်နှင့် ကာလိမြို့နယ်ခွဲနေ ပြည်သူများ စိတ်ချမ်းသာကြည်လင်စွာဖြင့် လွယ်ကူစွာဖုန်းအသုံးပြုနိုင်ရေး အတွက်သက်ဆိုင်ရာမှမည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်နည်း။ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ မေးမြန်းထားတဲ့ မေးခွန်း ၂ ခုကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှာ တယ်လီဖုန်းများ အားလုံးဆက်သွယ်ပြောဆိုမှုအဆင်ပြေဖို့အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုတာနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးထားပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးမှာ တယ်လီဖုန်း သိပ်သည်းဆ တိုးတက်မြင့်မားလာစေဖို့ ပြည်သူများရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာနဲ့ ဈေးနှုန်းသက်သာစွာနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် သိရှိနိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတို့မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကို နှစ်စဉ်စီမံကိန်းများချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်ခင်ဗျား။

အဲဒီလိုဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှာ တယ်လီဖုန်းဆက်သွယ်မှုအဆင်ပြေဖို့အတွက် ဟုမ္မလင်း(အိတ်ချိန်း)၊ ဟုမ္မလင်း(ရေဒီယို)၊ ဟုမ္မလင်း(နမ့်တော) နှင့် ဟုမ္မလင်း(နောင်ပိုအောင်) တို့မှာ ကျွန်တော်တို့ GSM ရေဒီယိုစခန်း ၄ ခုကိုတည်ဆောက်တပ်ဆင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီရေဒီယိုစခန်းတွေဟာ အဝေးဆက်သွယ်မှုကို MPT Satellite Terminal (IP Star) နဲ့ချိတ်ဆက်ပြီးတော့ တပ်ဆင်ပေးထားရတဲ့အတွက် Traffic ပမာဏ များပြားတဲ့အချိန်မှာ ခေါ်ဆိုရခက်ခဲခြင်း၊ အသံမပီသခြင်းများဖြစ်ပေါ်တာအမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဟုမ္မလင်းမြို့နယ် ဒေသခံပြည်သူများ ပိုမို အဆင်ပြေချောမွေ့စွာနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် အဝေးလိုင်းဆက်သွယ်မှု MPT Satellite Terminal (IP Star) အစား အဝေးဆက်သွယ်မှု မိုက်ကရိုဝေ့ဗ်စနစ်ကို ကျွန်တော်တို့ ဒီနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပွိုင့် (၃၀၆၉)-မိုင်းချောင်းရွာ-ဖောင်းပြင်-ကျေးပင်ရွာ-ဟုမ္မလင်း မိုက်ကရိုဝေ့ဗ် ဆက်ကြောင်းသစ်ကို ဖွင့်လှစ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား ။

ဆက်လက်ပြီးတော့ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ ကွန်ဟိန်းမြို့နယ်နှင့် ကာလိမြို့နယ်ခွဲများအတွင်းမှာ ဖုန်းလိုင်းများမမိခြင်း၊ ပြတ်တောက်ခြင်း၊ အသံ ကြည်လင်မှုမရရှိခြင်း၊ အလှည့်ကျပေးခြင်းတို့ကို သက်ဆိုင်ရာမှမည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းပြီး မေးထားတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်းဖြေကြားသွားပါမယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှာ တယ်လီဖုန်းသိပ်ဆည်းဆတိုးတက်မြင့်မားလာစေဖို့ ကျွန်တော်တို့ ပြည်သူတွေအားလုံးရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေချောမွေ့ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးမှာ ကျွန်တော်တို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကို စနစ်တကျအကောင်အထည် ဖော်ပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကွန်ဟိန်းမြို့မှာ CDMA ရေဒီယိုစခန်းတစ်ခု၊ GSM ရေဒီယိုစခန်း တစ်ခုကိုလည်းကောင်း၊ ကာလိမြို့မှာ GSM ရေဒီယိုစခန်းတစ်ခုကိုလည်းကောင်း တည်ဆောက်ပေးခဲ့ ပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အဆိုပါမြို့နယ်တွေမှာရှိတဲ့ မိုဘိုင်းရေဒီယိုစခန်းတွေရဲ့ အဝေးဆက်သွယ်မှုကို တောင်ကြီး-နမ့်စံ-ကွန်ဟိန်း-မိုင်းပြင်း-ကျိုင်းတုံ ဖိုက်ဘာဆက်ကြောင်းမှနေ ပြီးတော့ E1 လိုင်းများငှားရမ်းပြီးတော့ တပ်ဆင်ပေးခဲ့ပါတယ်။ အဲဒီဖိုက်ဘာဆက်ကြောင်းတွေဟာ ၂၀၁၃ ခုနှစ် မေလမှာ နှစ်ကြိမ်၊ ဇွန်လမှာ ခြောက်ကြိမ်နှင့် ဇူလိုင်လမှာ လေးကြိမ် ချို့ယွင်းပြတ် တောက်မှုတွေဖြစ်ပေါ်ခဲ့တာအမှန်ပဲဖြစ်ပါတယ်။ အဲဒီလို ချို့ယွင်းပြတ်တောက်မှုဖြစ်ပေါ်တဲ့အခါမှာ တာဝန်ရှိသူများမှလည်း သက်ဆိုင်ရာကို အကြောင်းကြားပြီးတော့ ဆက်သွယ်မှုပြန်လည်ကောင်းမွန် စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက်ပေးခဲ့တာ စိစစ်တွေ့ရှိပါ တယ်။

ဒါ့အပြင် ကျွန်တော်တို့ CDMA နှင့် GSM မိုဘိုင်းရေဒီယိုစခန်းများမှာ ၂၄ နာရီလျှပ်စစ်မီး မရတဲ့အတွက် ပါဝါပိုင်းအတွက် ပါဝါပိုင်းမှာလိုအပ်တဲ့ ကျွန်တော်တို့ ဆိုလာစနစ်နှင့် အရန်အင်ဂျင် စနစ်တွေထားရှိပြီး ဆိုလာစနစ်ကဓါတ်အားအပြည့်အဝမရရှိတဲ့အခါမှာ အရန်အင်ဂျင်စက်ကိုအသုံးပြု

ဖို့ကျွန်တော်တို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စီစဉ်ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ကာလိမြို့နယ်ခွဲမှာ CDMA စနစ်တပ်ဆင်ထားခြင်းမရှိဘဲနဲ့ မြို့နှင့် ၈ မိုင်ခန့် ဝေးတဲ့ ကွန်ဟိန်း CDMA တာဝါတိုင်ကနေတစ်ဆင့် အသုံးပြုရတာဖြစ်တဲ့အတွက် မြေပြန့်ဖြစ်တဲ့ ကာလိမြို့မြောက်ဘက်ခြမ်းမှာ ဆက်သွယ်မှုကောင်းမွန်ပြီးတော့ ကာလိမြို့ရဲ့ တောင်ဘက်ခြမ်းကတော့ ကျွန်တော်တို့ တောင်စွယ်များရှိနေတဲ့အတွက် CDMA ဖုန်းလိုင်းများ လိုင်းမမိတာ အသံမကြည်လင်တာများဖြစ်ပေါ်တာအမှန်ပဲဖြစ်ပါတယ်။ ဒီမြို့နယ်များမှာ ကျွန်တော်တို့ CDMA နှင့် GSM တယ်လီဖုန်းလိုင်းများဟာ အဝေးဆက်သွယ်မှု ဖိုက်ဘာဆက်ကြောင်းများ ချို့ယွင်းတဲ့အပိုင်းမှာ ဆက်သွယ်မှုပြတ်တောက်ပြီးတော့ ရာသီဥတုဆိုးဝါးတဲ့အချိန်တွေမှာလည်း တယ်လီဖုန်းလိုင်းတွေဟာ အသံကြည်လင်မှုမရှိခြင်းတို့ ဖြစ်ပေါ်တတ်ပေမယ့် တယ်လီဖုန်းလိုင်းတွေပိတ်ထားတာ လူကြီးခရီးစဉ်များမှာ ကြိုးဖုန်းတွေအပါအဝင် တယ်လီဖုန်းလိုင်းအားလုံးပိတ်ထားခြင်း၊ အလှည့်ကျလိုင်းဖွင့်ပေးခြင်းတို့မရှိကြောင်း စိစစ်ရရှိပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ဒီမြို့နယ်များမှာ တယ်လီဖုန်းဆက်သွယ်မှုများကို ယခုထက် ပိုမိုကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့စစ်ဆေးပြုပြင်မှုတွေကို အသေးစိတ်ပြုပြင်ဆောင်ရွက်ပေးသွားပါမယ်။ လူအင်အားထပ်မံဖြည့်တင်းပြီးတော့ အင်နဲ့အားနဲ့ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဆက်သွယ်ရေးဝန်ဆောင်မှုစနစ် ပိုမိုကောင်းမွန်အောင် ပိုမိုပီပြင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းရိုသေစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)** ။ ။ ဝန်ကြီးရှင့်။ ကျွန်မ သိသလောက်ကတော့ မိုးရွာရင်ဖုန်းပျက်တာ၊ ဖုန်းကိုပိတ်တာနဲ့ မိုးမရွာခင်ဖုန်းပိတ်တာ လူကြီးခရီးစဉ်တွေမှာဖုန်းပိတ်တဲ့ကိစ္စတွေကိုတော့ ကျွန်မသေချာသိပါတယ်ရှင့်။ ဘာကြောင့်လဲဆိုတာကိုလည်း သိပါတယ်ရှင့်။ ကျွန်မ ဘာကြောင့်လဲဆိုတာသိတဲ့အတွက်ကြောင့် အဲ့ဒီစစ်တပ်ထဲမှာထားတဲ့ ဒီဇရိယာတိုင်ကို စစ်တပ်ကနေထိန်းချုပ်ထားတဲ့အပိုင်းကို ဖြစ်နိုင်လို့ရှိရင် မြို့ပြင်ကိုရွှေ့ပေးစေချင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင်ပါ မဖြစ်နိုင်ဘူးဆိုရင်တော့ အမြဲတမ်း လူကြီးခရီးစဉ်ကျွန်မတို့ ဖုန်းလိုင်းပိတ်ခံရမယ်၊ မိုးရွာရင်လည်း ဖုန်းလိုင်းပိတ်ခံရပါမယ်။ အဲဒါကြောင့် ကျေးဇူးပြု၍စစ်တပ်ထဲမှာရှိတဲ့ အစိတ်အပိုင်းဇရိယာတိုင်တွေကို ဒီမြို့ပြင်ကဆက်သွယ်ရေးများက ဆက်သွယ်ရေးဝန်ကြီးဌာနက ထိန်းချုပ်ပေးပါလို့ပဲ တောင်းပန်ချင်ပါတယ်ရှင့်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျ။ ဒေါ်နန်းဝါနု တင်ပြတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာနဲ့ အသေးစိတ်ညှိနှိုင်းပြီးတော့ ပြည်သူလူထုအဆင်ပြေအောင် ဘယ်လိုဆက်လက်ဆောင်ရွက်ပေးလို့ ရမယ်ဆိုတာကို အသေးစိတ်စစ်ဆေးပြီးတော့ စီစဉ်ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျ။ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ဆန္ဒအရ ဆက်လက်ပြီးတော့ ထပ်ဆင့်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဦးအေးရဲ့ မေးခွန်းရဲ့ရည်ရွယ်ချက်က တယ်လီဖုန်းအားလုံး ဆက်သွယ်မှုအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာနက ဆက်သွယ်ရေးစနစ်ကိုမည်သို့ကောင်းမွန်အောင် ခေတ်မီအောင်ဆောင်ရွက်ပေးမလဲဆိုတဲ့ကိစ္စဖြစ်ပါတယ်။ လက်တွေ့ကတော့ ဆက်သွယ်ရေးစနစ်ကို ပြုပြင်ဆောင်ရွက်ပေးခြင်းမရှိခဲ့ဘဲ ဟုမ္မလင်းမှာ စက်တင်ဘာလအတွက်ချပေးမယ့် ဖုန်းခွဲတမ်း ၃၀၀ ကို ပယ်ဖျက်လိုက်ပါတယ်။ အဲဒီလို ပယ်ဖျက်ရခြင်းအကြောင်းဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှာတင်တဲ့အတွက် ဖျက်ရတယ်လို့ တိုင်းဒေသကြီး ဆက်သွယ်ရေးမန်နေဂျာက ပြောကြောင်းသိရှိပါတယ်။ ဒါကြောင့် ဖုန်းလိုချင်နေတဲ့ ပြည်သူတွေက လွှတ်တော်ကိုယ်စားလှယ်ကြောင့် အဖျက်ခံရတာလို့ နားလည်မှုလွဲမှားတာကို ခံရပါတယ်။ ဆက်သွယ်ရေးအင်ဂျင်နီယာချုပ်နဲ့ တိုင်းမန်နေဂျာကို မေးမြန်းပေမယ့်လဲ ရေရေရာရာမသိရှိကြောင်း သိရပါတယ်။ အခု အောက်တိုဘာလမှာ ခွဲတမ်းကို ဟုမ္မလင်းမြို့ပေါ်အတွင်း ဖုန်းအလုံး ၂၀၀၊ ရွာကြီးနှစ်ရွာဖြစ်တဲ့ နောင်ပိုအောင်နဲ့ နန့်တောရွာမှာတော့ တိုင်တစ်တိုင်စီစိုက်ထူပြီးဖြစ်လို့ ဖုန်းအလုံး ၂၀၀ စီ ချပေးမယ်လို့ သိရတဲ့အတွက် ကျေးဇူးတင်ကြောင်းလည်း တင်ပြအပ်ပါတယ်။ သို့သော် ဖုန်းသုံးစွဲသူများတဲ့ ဟုမ္မလင်းမြို့ရပ်ကွက်များတွင် ဖုန်းအနည်းဆုံး အလုံး ၃၀၀ အထိ တိုးမြှင့်ချထားပေးနိုင်ခြင်းရှိ/မရှိ ကိုလည်း သိရှိလိုပါကြောင်း ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ရဲ့ ဒေသခံပြည်သူတွေကို ပိုမိုအဆင်ပြေစေဖို့ ကျွန်တော်တို့ မူလတပ်ဆင်ထားတဲ့ ဒီ Satellite Terminal (IP Star) အစားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ Point (၃၀၆၉) မိုင်းကျောင်းရွာ၊ ဖောင်းပြင်နဲ့ ကျေးပွန်ရွာ၊ ဟုမ္မလင်း

မိုက္ကရိုဝေ့ဖ် ဆက်ကြောင်းအသစ်တွေ ဖွင့်လှစ်ဆောင်ရွက်ပေးမယ်ဆိုတာကို ကျွန်တော် ဦးစွာတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို လက်ရှိဖြစ်သင့်နေတဲ့အခြေအနေကို ကျွန်တော်တို့ အသေးစိတ်စိစစ်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ ညှိနှိုင်းပြီးတော့ ဖုန်းအရေအတွက် သတ်မှတ်ခွဲဝေပေးတာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲနဲ့ သူတို့ကို ကျွန်တော်တို့ ဒီကျေးရွာ၊ မြို့နယ်တွေရဲ့လိုအပ်ချက်မှာဒီလိုရှိတဲ့အတွက် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာကိုတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရနဲ့ပဲ ဆက်လက်ပြီးညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရသေ့တောင်မြို့နယ်ဆေးရုံ၌ လက်ထောက်ဆရာဝန်တစ်ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ရသေ့တောင်မြို့နယ်မှာ မြို့နယ်ဆရာဝန်တစ်ဦးအပြင် လက်ထောက်ဆရာဝန် နှစ်ဦးခန့်ထားပြီဖြစ်ကြောင်းကို သိရှိခဲ့ရပါတယ်ရှင်။ လက်ထောက် ဆရာဝန်နှစ်ဦးအနက် တစ်ဦးကိုတော့ ဒေသခံဖြစ်တဲ့ဆရာဝန်မလေးတစ်ဦးကို ခန့်ထားပေးထားတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား ကျွန်မကပဲ ကျန်းမာရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိပါတယ်ရှင်။ ကျွန်မတို့ရဲ့ ရသေ့တောင်မြို့နယ်ဆေးရုံရဲ့ ဖွဲ့စည်းပုံတွေဟာ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ခန့်ထားဖြည့်ဆည်းပေးရန်လိုအပ်နေပါသေးတယ်။ သွားဆရာဝန်မရှိတဲ့အတွက် ဒေသခံပြည်သူများဟာ စစ်တွေမြို့ပေါ်ကိုသွားရောက်ပြီးတော့ ပြသရပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်ဟာ မိုးများတဲ့ဒေသဖြစ်တဲ့အတွက် မိုးရာသီမှာ သွားလာရေးအခက်အခဲတွေ၊ သွားလာစရိတ်တွေ ကုန်ကျမှုတွေကြောင့် ပြည်သူတွေမှာ များစွာအခက်အခဲရင်ဆိုင်ကြုံတွေ့နေကြရပါတယ်ရှင်။ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးကို ၂၀၀၈-၂၀၀၉ ခုနှစ်ထိ ခန့်ထားတာဝန်ပေးခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။ ၎င်းနှစ်နောက်ပိုင်းမှာ ခုချိန်ထိခန့်ထားခြင်း လုံးဝမရှိသေးတဲ့အတွက် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးမှ ဖြေကြားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေ မေးမြန်းသွားသည့် ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် သွားဘက်ဆိုင်ရာဆရာဝန်အား ၂၀၁၃ ခုနှစ် အောက်တိုဘာလ ဒီလတွင် ခန့်ထားပေးမည်ဖြစ်ရာ ခန့်ထားပေးရန်အတွက် အစီအစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါ တယ်ရှင်။ (သြဘာသံများ)

**တမူးမြို့နယ် ပန်းသာကျေးရွာ၊ ကွန်းတောင်ကျေးရွာ၊ ကမ္မကြီးကျေးရွာ၊ ဖိုင်လင်းကျေးရွာ၊ သနန်စံပြ ကျေးရွာကျေးလက်ကျန်းမာရေးဌာနတို့အား ကျန်းမာရေးဌာန၏ စံကိုက်အဆောက်အဦသစ်များ ဆောက်လုပ်ပေးရန်နှင့် ခုတင် ၁၀၀ ဆေးရုံအတွက် လူနာတင်ယာဉ်တစ်စီး ပံ့ပိုးပေးရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ လို့ဆုမွန်ကောင်းတောင်းရင်းလေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ယခုအခါမှာ ကျန်းမာရေးဌာနနဲ့ ဌာနခွဲအသစ်များဖွင့်လှစ်ပြီးတော့မှ စံကိုက်အဆောက်အဦများ ဆောက်လုပ်ပေးလျက်ရှိတာကို ပြည်သူများက ဝမ်းသာမဆုံးရှိကြပါတယ်။ သို့သော်လည်း ယခင်က ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့ပြီးတော့မှ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ကြတဲ့ ကျေးလက် ကျန်းမာရေးဌာနတွေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများဟာ ဥပဓိရုပ်မကောင်းတော့ခြင်း၊ ကျန်းမာ

ရေးဌာနမှ ဆောက်လုပ်လျက်ရှိတဲ့ စံကိုက်အဆောက်အဦ ပုံစံများနှင့် ကိုက်ညီမှုမရှိတော့သည်ကိုသိရှိရသဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် ဒေသခံပြည်သူများက တင်ပြလာတဲ့အတွက် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ပန်းသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကွန်းတောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ခမ်းပါတ်မြို့နယ်ခွဲ၊ ကမ္မကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြို့သစ်မြို့နယ်ခွဲ၊ ဖိုင်လင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် သနန်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့အား ကျန်းမာရေးဌာန၏ စံကိုက်အဆောက်အဦသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် တမူးမြို့ ခုတင် ၁၀၀ ဆေးရုံအတွက် အရေးပေါ်လူနာတင်ယာဉ် တစ်စီး ပံ့ပိုးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်မာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၏ မေးမြန်းချက်နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ပန်းသာကျေးရွာ၊ ကွန်းတောင်းကျေးရွာ၊ ခမ်းပါတ်မြို့နယ်ခွဲ ကမ္မကြီးကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ မြို့သစ်မြို့နယ်ခွဲ၊ ဖိုင်လင်းကျေးရွာနှင့် သနန်စံပြကျေးရွာတို့ရှိ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦများ ဆောက်လုပ်ပေးနိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေများအဆိုပြုလျာထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအတွက် လက်ရှိအချိန်တွင် အရေးပေါ်လူနာတင်ယာဉ်ထောက်ပံ့ပေးနိုင်သည့် အခြေအနေမရှိသေးသော်လည်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ဝယ်ယူဖြည့်ဆည်းထားသည့် အရေးပေါ်လူနာတင်ယာဉ်များအား အားကစားပြိုင်ပွဲပြီးဆုံးသည့်အခါ လူနာတင်ယာဉ်လိုအပ်သော ဗဟိုအဆင့်ဆေးရုံကြီးများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး

အဆင့်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများသို့ လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးအစီအစဉ် အတိုင်း ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ရှိသေစွာ ဖြေကြားအပ်ပါတယ် ရှင်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကုန်စည် အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ဖြစ်သော ၂၃-၈-၂၀၁၃ ရက်နေ့တွင် လွှတ်တော် သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း များ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက် အလက်များကို တိကျစွာရေးသား၍ ၂၇-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်း ရန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် မြန်မာနိုင်ငံကုန်စည်အမှတ်အသားအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက် မရှိ သဘောတူကြောင်းနဲ့ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ၂၉-၈-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ် ပါတယ်။ ဥပဒေကြမ်းကော်မတီအား အစီရင်ခံစာတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည် ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍လည်းကောင်း၊ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေးကို မျှော်မှန်း၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရန်နှင့် မြန်မာနိုင်ငံက လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပြဋ္ဌာန်းပါရှိသည့် လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင် ကာကွယ်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတရုံးမှ ရေးဆွဲတင်ပြလာခြင်းဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ၂၄-၉-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များနဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်တွေ့ရှိခဲ့ကြရာ စိစစ်တွေ့ရှိချက်များမှာ-

၁။ ဤဥပဒေကြမ်းတွင် အခန်း ၉ ခန်းနှင့် ပုဒ်မပေါင်း ၇၄ ခုပါရှိပါသည်-

(က) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ၄၈ ချက်ဟာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လက်ခံရန်သဘောတူပါသည်။

(ခ) အခန်း(၁)မူလပုဒ်မ ၂ ပုဒ်မခွဲ (က) အား ပုဒ်မခွဲ (ခ) အဖြစ်ပြောင်းလဲပြီး အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ဂ) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၄) တို့သည် ထည့်သွင်းရန်မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃)အား အရေးအသားကျစ်လျစ်စေရန် နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများ ဟုပြင်ဆင်ပါသည်။

(င) ပုဒ်မ၂ ပုဒ်မခွဲ (ဃ) အား အရေးအသားကျစ်လစ်စေရန် ကော်မရှင်အဖွဲ့ဝင်ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(စ) အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ (ခ)ရှိ ကုလသမဂ္ဂလူ့အခွင့်အရေး ကြေညာစာတမ်း စကားရပ်အား ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ဟုပြင်ဆင်ဖြည့်စွက်ပါသည်။

(ဆ) ပုဒ်မ ၃ ပုဒ်မခွဲ (ဂ)အား နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ထိရောက်စွာမြှင့်တင်ကာကွယ်နိုင်ရန် ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ဇ) ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အား လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အမျိုးသားအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ဈ) အခန်း (၃) ခေါင်းစဉ်အား ကော်မရှင်ဖွဲ့စည်းခြင်း၊ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ ဟုပြင်ဆင်ပါသည်။

(ည) အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(ဇ) အား ထည့်သွင်းရန်မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဋ) ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)အား လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများ ဟု မူလပြဋ္ဌာန်းချက်များ အတိုင်းပြင်ဆင်ပါသည်။

(ဌ) ပုဒ်မ ၇ ပုဒ်မခွဲ (ဂ) ရှိ ပါဝင်စေပြီး ရွေးချယ်ရမည့် စကားရပ်အား ပါဝင်စေရေးကို ထည့်သွင်းစဉ်းစားရမည် ဟုပြင်ဆင်ပါသည်။

(ဍ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) ရှိ လစာ၊ စရိတ်၊ငွေကြေး ရရှိသည့် စကားရပ်မှာ မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

(ဎ) ပုဒ်မ ၁၂ ပုဒ်မခွဲ (က)အား ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီး အဆင့်အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ပြည်ထောင်စုဒုတိယဝန်ကြီး အဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည် ဟုပြင်ဆင်ပါသည်။

(ဏ) ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)ရှိ ကော်မရှင်အဖွဲ့ဝင်များသည် စကားရပ်အားမလိုအပ်၍ ပယ်ဖျက်ပါသည်။

(တ) အခန်း(၄) ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)ရှိ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ တို့ပါ စကားရပ်အစား ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ထ) အခန်း(၅) ပုဒ်မ ၂၂ ပုဒ်မခွဲ (က) အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်နှင့် ပုဒ်မခွဲ (ခ) အား အရေးအသားကျစ်လစ်မှုရှိစေရန်အတွက် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှုရှိ/မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်းဟုပြင်ဆင်ပါသည်။

(ဒ) ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်(၃)နှင့် ပုဒ်မခွဲ (ဇ) တို့ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ စကားရပ်အား အစိုးရအဖွဲ့ ဟုပြင်ဆင်ပါသည်။

(ဓ) ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၂) ရှိ ပြည်ထောင်စုလွှတ်တော်သို့ စကားရပ်အစား အစိုးရအဖွဲ့မှ တစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(န) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) အား လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီးစုံစမ်းစစ်ဆေးခြင်း ဟုပြင်ဆင်ပါသည်။

(ပ) ပုဒ်မ ၂၂ ပုဒ်မခွဲ(စ) ရှိ ပြည်သူလူထုဟုဆိုသော စကားရပ်အစား အရပ်ဘက် ဟုပြင်ဆင်ပါသည်။

(ဖ) ပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ) အား သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း ထိတွေ့ဆက်ဆံခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စကားရပ်အား သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဟုပြင်ဆင်ပါသည်။

(ဗ) ပုဒ်မ ၂၄ ပုဒ်မခွဲ(က) အား ကော်မရှင်သည် မိမိ၏လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည် ဟုပြင်ဆင်ပါသည်။

(ဘ) ပုဒ်မ ၂၄ ပုဒ်မခွဲ(ခ) ရှိ ဘဏ္ဍာရေး စကားရပ်နှင့် သက်ဆိုင်ရာ စကားရပ်တို့အား ပယ်ဖျက်၍ ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည် ဟုပြင်ဆင်ပါသည်။

(မ) ပုဒ်မ ၂၅ အား ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏ အကျိုးနှင့်ဆန့်ကျင်ကြောင်းသိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

အား ချက်ချင်းအကြောင်းကြားပြီး ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည် ဟုပြင်ဆင်ပါသည်။

(ယ) အခန်း(၆) ပုဒ်မ ၄၀ ရှိ အောက်ပါကိစ္စများအတွက် စကားရပ်အား အောက်ပါတို့အတွက် ဟုလည်းကောင်း၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(ဃ) တို့ရှိ ကိစ္စစကားရပ်အား ပယ်ဖျက်ပါသည်။

(ရ) ပုဒ်မ ၄၁ သည် ပုဒ်မ ၆၀တွင် ပါရှိပြီးဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(လ) ပုဒ်မ ၄၂ ကို အရေးအသားကျစ်လျစ်ပြီး ရှင်းလင်းနားလည်စေရန်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဝ) ပုဒ်မ ၄၃ အား ရှင်းလင်းနားလည်စေရန်အတွက် ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်းရှိ/မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။ ယင်းသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(သ) အခန်း (၇) ပုဒ်မ ၄၆ ရှိ ဘဏ္ဍာငွေကို ဘဏ္ဍာရေးကော်မရှင်က သင့်လျော်သော သီးခြားခေါင်းစဉ်တစ်ရပ်ဖြင့် ခွင့်ပြုပေးရန် စီစဉ်ရမည်ဟူသော စကားရပ်အား မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

(ဟ) အခန်း (၈) ပုဒ်မ ၅၂ ရှိ ဘဏ္ဍာရေးခွင့်ပြုချက် ဘောင်အတွင်းမှ စကားရပ်မှာ မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါကြောင်း လေးစားစွာတင်ပြရင်း နဂိုးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်အစီရင်ခံစာမှာနဲ့ ကန့်လန့်ဖြတ်ဇယားမှာ နည်းနည်းလွဲမှားမှုလေးတစ်ချက်ဖြစ်သွားလို့ အဲ့ဒါလေး တစ်ပါတည်း တင်ပြပါရစေ။ အစီရင်ခံစာရဲ့ စာမျက်နှာ ၂ အပိုဒ် ဆ မှာပါခင်ဗျ။ အခန်း ၂ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးရှိ ကြေညာစာတမ်းစကားရပ်အစား ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းဟု ပြင်ဆင်ဖြည့်စွက်ပါသည်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ ပထမစာမျက်နှာ အမှတ်စဉ် ၅ မှာတော့ ပယ်ဖျက်ရန်လို့ ရေးထားပါတယ်။ ဒါလေးဟာ ကျွန်တော်တို့ဟာ ပယ်ဖျက်တာမဟုတ်ဘဲနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုတဲ့နေရာမှာ ကမ္ဘာ့လူ့အခွင့်အရေးလို့ ပြောင်းလဲပြင်ဆင်မှတ်သားပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ⊞ဋ**။ ။ ပြန်ပြီးရှင်းပြပေးပါ။ ဖြည်းဖြည်းပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ အစီရင်ခံစာရဲ့ ဒုတိယစာမျက်နှာ အပိုဒ် (ဆ) ပါခင်ဗျ။ အပိုဒ် (ဆ)မှာ ကျွန်တော်တို့ ဖော်ပြထားတာကတော့ အခန်း (၂) ပုဒ်မ ၃ ပုဒ်မခွဲ (ခ)ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း စာကားရပ်အား ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဟု ပြင်ဆင်ဖြည့်စွက်ပါသည်ဟု ကျွန်တော်တို့ သုံးသပ်ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ ပထမစာမျက်နှာပါခင်ဗျ။ အမှတ်စဉ် ၅ ပါခင်ဗျ။ ၅ မှာတော့ ကျွန်တော်တို့က ပယ်ဖျက်သည်လို့ ဖော်ပြထားပါတယ်။ ဒါ ကျွန်တော်တို့ ဒါ Typing Error ဖြစ်သွားတာဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့က ကုလသမဂ္ဂလူ့အခွင့်အရေးအစား ကမ္ဘာ့လူ့အခွင့်အရေးလို့ပြင်ဆင်ထားကြောင်း အဲ့ဒါလေး ပြင်ဆင်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရပါသလား။

**ကိုယ်စားလှယ်**။ ။ ရပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၄-၁၀-၂၀၁၃ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမ ပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၁၅ နာရီအချိန် တွင် ရပ်နားပါသည်။]